**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်**

နေ့စွဲ - ၁. ၁၁. ၀၉

**ကျွန်တော်တို့စောင့်ရှောက်ရမည့်ပဋိညာဉ်**
(The Covenant We are called to keep, Prof. David J. Engelsma)

ကျမ်းပိုဒ် - ကမ္ဘာ ၁၇း၁-၂၂
(ယခင်ပတ်မှအဆက်)

**သခင်ခရစ်တော်၌တည်ဆောက်ခြင်း**(Established in Christ)

သခင်ယေရှုခရစ်တော်ဟာ မိမိ၏သေခြင်းနဲ့ ပဋိညာဉ်အတွက် အခြေခံကိုထားတော်မူတယ်။ ဘုရားသခင်ရဲ့ လူတို့အတွက် ဘုရားသခင်နဲ့ သူငယ်ချင်းဖြစ်ခွင့်ကို ရရှိပေးတော်မူတယ်(ဟေဗြဲ ၈း၉)။ အခုတော့ သေခြင်းမှထမြောက်ပြီး၊ သခင်ယေရှုဟာ ဘုရားသခင်နဲ့သူ့ရဲ့လူတယောက်ခြင်းကြားမှာ အသက်ရှင်သော တုတ်နှောင်ခြင်းကို သူ့ရဲ့ဧဝံဂေလိတရားနဲ့ဝိညာဉ်တော်နဲ့ ပြုလုပ်ပေးတော်မူပါတယ်။ အဲဒီလိုဖြစ်လာခြင်းဟာ သခင်ယေရှုရဲ့ဆုတောင်း အကောင်ထည်ပေါ်လာခြင်းဘဲဖြစ်ပါတယ်။ ယော ၁၇း၂၁ မှာ သခင်ယေရှုက "သူတို့လည်း ကျွန်တော်တို့ထဲမှာ တလုံးတဝတည်း ဖြစ်စေတော်မူပါ"လို့ ဆုတောင်းခဲ့ပါတယ်။ အဲဒီလိုဆုတောင်းပြီးနောက်တနေ့မှာဘဲ ဘုရားသခင်က အဲဒီဆုတောင်းကို လက်ဝါးကပ်တိုင်ရဲ့ကယ်တင်ခြင်းနဲ့ အဖြေပေးပါတယ်။ အဲဒါကြောင့် သခင်ယေရှုကို ပဋိညာဉ်ရဲ့ကြားဝင်ဖြန်ဖြေပေးသူလို့ခေါ်ရတာဖြစ်တယ် (ဟေဗြဲ ၉း၁၅)။

သခင်ယေရှုဟာ ပဋိညာဉ်ရဲ့ကြားဝင်ဖြန်ဖြေသူဖြစ်တာကြောင့်၊ ပဋိညာဉ်ထဲကိုဝင်ရောက်ရတဲ့ တခုတည်းသောဝင်ပေါက်ဟာ၊ ပဋိညာဉ်ကို ခံစားရမဲ့တခုတည်းသောနည်းဟာ သခင်ယေရှုကိုယုံကြည်ခြင်းဘဲဖြစ်ပါတယ်။ သခင်ယေရှုခရစ်တော်ကိုယုံကြည်ခြင်းနဲ့ဘဲ ကျွန်တော်တို့ဟာ ခမည်းတော်ထံကို လာနိုင်ပါတယ်(ယော ၁၄း၆)။

ဒါပေမဲ့ ဘုရားသခင်က သခင်ခရစ်တော်ထံမှာ ပဋိညာဉ်ကိုတည်ဆောက်ရတဲ့ တခြားအကြောင်းရှိပါသေးတယ်။ ဘုရားသခင်ဟာ သခင်ယေရှုခရစ်တော်နဲ့လဲ ပဋိညာဉ်ကို ပြုတော်မူပါတယ်။ ဘုရားသခင်က သူရွေးကောက်တဲ့သူတွေထံမှာ ပဋိညာဉ်ကို တိုက်ရိုက်လုပ်တာမဟုတ်ပါဘူး၊ သခင်ခရစ်တော်ထံမှာဘဲ တိုက်ရိုက်လုပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့စီမှာ ပဋိညာဉ်ရောက်လာတာကတော့ ကျွန်တော်တို့ဟာ သခင်ယေရှုထံတော်မှာ ရှိကြလို့ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ကို သခင်ယေရှု ပိုင်လို့ဘဲဖြစ်ပါတယ်။ ကမ္ဘာ ၁၇း၇အရ ဘုရားသခင်ဟာ အာဗြဟံရဲ့"အမျိုး"(seed)နဲ့ သူ့ရဲ့ပဋိညာဉ်ကိုပြုတာဖြစ်တယ်။ အများကတော့ ဣဇက်ဖြစ်မှာပေါ့လို့ ထင်ကြပါတယ်။ ဒါမှမဟုတ် အာဗြဟံရဲ့နောက်လာမဲ့ သားတွေသမီးတွေနဲ့ပေါ့လို့ ထင်တတ်ကြပါတယ်။ အဲဒီလိုထင်တာ မှားနေတာဖြစ်တယ်။

"အမျိုး"ဆိုတာ သခင်ခရစ်တော်ကိုပြောနေတာဖြစ်တယ်။ အဲဒါကို ဂလာတိ ၃း၁၆က ရှင်းနေအောင်ပြောပါတယ်၊ "ဂတိတော်ကို အာဗြဟံနှင့်သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကို ရည်မှတ်၍ မိန့်တော်မူသည်မဟုတ်၊ သခင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏။ ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။" ဘုရားသခင်ဟာ ပဋိညာဉ်ကတိတော်ကို သခင်ခရစ်တော်ထံမှာ ပေးတော်မူတယ်။ အဲဒီလို၊ ဘုရားသခင်ဟာ သူ့ရဲ့ပဋိညာဉ်ကို သခင်ခရစ်တော်ထံမှာ၊ သခင်ခရစ်တော်ကို ဦးခေါင်းအနေနဲ့ထားပြီးတော့၊ ပြုတော်မူပါတယ်။ ဦးခေါင်းအနေနဲ့ သခင်ခရစ်တော်ဟာ ဘုရားသခင်ရွေးကောက်ထားတဲ့သူတွေအားလုံးရဲ့ တရားဝင်ကိုယ်စားလှယ် ဖြစ်လာပါတယ်။ ပရာဒိသုဘုံဧဒင်မှာ အာဒံကို လူသားမျိုးနွယ်တရပ်လုံးရဲ့ကိုယ်စားလှယ်အဖြစ်နဲ့ ပဋိညာဉ်ပြုခဲ့သလို၊ ကျေးဇူးတော်ပဋိညာဉ်ကိုလည်း သခင်ခရစ်တော်နဲ့၊ နိုင်ငံအသီးသီးကရွေး

ကောက်ထားတဲ့ လူမျိုးနွယ်သစ်ရဲ့ဦးခေါင်းအဖြစ်၊ ပြုတော်မူပါတယ်။ ရောမ ၅း၁၂ က အာဒံနဲ့ခရစ်တော်ကို သမိုင်းထဲက ပဋိညာဉ်ရဲ့ ဦးခေါင်းနှစ်ယောက်လို့ နှိုင်းယှဉ်ထားတာတွေ့နိုင်ပါတယ်။

ဒီအချက်ကဘာကိုပြောသလဲဆိုရင် ဘုရားသခင်ဟာ ကယ်တင်ခြင်းရဖို့အတွက် ခရစ်တော်ထံမှာရွေးကောက်ထားတဲ့သူတွေနဲ့သာ ပဋိညာဉ်ပြုတော်မူတယ် ဆိုတဲ့အချက်ဘဲဖြစ်ပါတယ်။ ဘုရားသခင်ဟာ ရှိသမျှလူတွေအားလုံးနဲ့ သူ့ပဋိညာဉ်ကို မပြုပါဘူး။ အာဗြဟံရဲ့အသွေးအသား သားသမီးရှိသမျှနဲ့ သူ့ပဋိညာဉ်ကို ဘုရားသခင်ဟာ ပြုတော်မမူပါဘူး။ ယုံကြည်သူတွေရဲ့ သားသမီးတွေ တယောက်မကျန်နဲ့လဲ မပြုပါဘူး။ ဂလာတိ ၃း၂၉ က ခရစ်တော်ဟာ ပဋိညာဉ်ရဲ့ဦးခေါင်းဖြစ်ကြောင်းကို ရှင်းစွာပြောနေပါတယ်။ ဂလာတိ ၃း၁၆ က ဘုရားသခင်ဟာ သခင်ခရစ်တော်ထံမှာ သူ့ရဲ့ပဋိညာဉ်ကို၊ အာဗြဟံ၏အမျိုးအနေနဲ့၊ ပြုတော်မူတယ်လို့ပြောပါတယ်။ ငယ်(၂၉)က "ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံအရာ၌ တည်ကြ၏"လို့ ပြောပြပါတယ်။

**ကျေးဇူးတော်ဖြင့်ပြုသောပဋိညာဉ်ဖြစ်ခြင်း**(A Gracious Covenant)

သခင်ခရစ်တော်ထံမှာပြုသော ပဋိညာဉ်ဖြစ်တဲ့အတွက် ကျေးဇူးတော်ပဋိညာဉ်ဖြစ်ပါတယ်။ ကျမ်းစာနဲ့ ရီဖော့(မ်)ခံယူယုံကြည်ချက်များကပြောသလို "ကျေးဇူးတော်ပဋိညာဉ်"ဆိုတာ အမှန်ပါဘဲ။ လူသားက လုပ်ယူလို့ရတဲ့၊ လူသားရဲ့အလိုဆန္ဒနဲ့၊ လူသားရဲ့ထိုက်တန်မှုကြောင့် ဖြစ်လာတဲ့ ပဋိညာဉ် မဟုတ်ပါဘူး။

ဘုရားသခင်ဟာ သူ့ရဲ့ထာဝရအကြံအစည်တော်ထဲမှာ ပဋိညာဉ်ရှိရမယ်လို့ အမိန့်တော်ချမှတ်တယ်၊ ကျေးဇူးတော်သက်သက်ကြောင့်ဖြစ်တယ်။ ဘုရားသခင်ဟာ ပဋိညာဉ်ကို ရွေးကောက်ထားတဲ့ ယုံကြည်သူတွေရဲ့နှလုံးသားနဲ့၊ သူတို့ရဲ့ စစ်မှန်သောကလေးငယ်တွေထံမှာ တည်ဆောက်တော်မူတယ်။ ရောမ ၉း၈ အရ "ကတိတော်၏သားသမီးများ"လို့ခေါ်တယ်။ ကျေးဇူးတော်သက်သက်ကြောင့် ဝိညာဉ်တော်ရဲ့ အသစ်ပြုပြင်ခြင်း ခံရသူတွေဖြစ်တယ်။ ခရစ်တော်ထံမှာရှိသူတွေအားလုံးနဲ့ ဘုရားသခင်ဟာ သူ့ရဲ့ပဋိညာဉ်ကို ဖွဲ့တော်မူပါတယ်။ ပဋိညာဉ်ကို ပြည့်စုံစေပါတယ်။ ကျေးဇူးတော်သက်သက်နဲ့ သူငယ်ချင်းမိတ်ဆွေဖြစ်မှုကို ထိန်းသိမ်းတော်မူပါတယ်။

ပဋိညာဉ်ဆိုတာ ချွင်းချက်မဲ့ဖြစ်ပါတယ်။ အပြစ်သားအပေါ် နဲနဲမှ မမှီခိုပါဘူး။ ပဋိညာဉ်ဖွဲ့ရာမှာ ချွင်းချက်တချို့ကိုလိုက်နာရမယ်လို့ သင်တာဟာ၊ ကျေးဇူးတော်သက်သက်ကြောင့်သာ ကယ်တင်ခြင်းရတယ်ဆိုတဲ့ အမှန်တရားကို ငြင်းပယ်ခြင်းပုံစံတမျိုးဖြစ်ပါတယ်။ အဲဒီအယူဝါဒက ပဋိညာဉ်ထဲမှာ ကယ်တင်ခြင်းရတာဟာ လူသားရဲ့လိုချင်ဆန္ဒရှိမှုနဲ့၊ လုပ်ကိုင်မှုကြောင့်လို့ ပြောတာဖြစ်တယ်။ အဲဒီလိုပြောတာကို ရောမ ၉း၁၆ က ငြင်းပါတယ်၊ "လိုချင်သောသူသည် တတ်နိုင်သည်မဟုတ်။ ပြေးသောသူသည်လည်း တတ်နိုင်သည်မဟုတ်။"

ဒါကြောင့် ပဋိညာဉ်ဆိုတာ ဘုရားသခင်နဲ့သူ့လူတွေကြားထဲမှာရှိတဲ့ မိတ်သဟာယဖွဲ့မှုပါဘဲ၊ ခရစ်တော်ထံမှာတည်ထောင်တဲ့ မိတ်သဟာယဖွဲ့မှုဖြစ်တယ်။ ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်လာတဲ့ မိတ်သဟာယဖွဲ့မှုဖြစ်တယ်။ အဲဒီရှုထောင့်ကနေ ပဋိညာဉ်ကိုကြည့်ရင်၊ ကျမ်းစာက ကျွန်တော်တို့ကို ခိုင်းထားတဲ့ ပဋိညာဉ်ကိုစောင့်ရှောက်ခြင်းဆိုတာကို ကောင်းစွာနားလည်လာမှာဖြစ်ပါတယ်။

**ပဋိညာဉ်ကိုစောင့်ရှောက်ခြင်းသဘောသဘာဝ**(The Idea of Keeping the Covenant)

ဘုရားသခင်က သူ့ပဋိညာဉ်ကို သူပေးထားတဲ့လူတွေဆီမှာ အဲဒီပဋိညာဉ်ကို စောင့်ရှောက်ပါလို့ တာဝန်ပေးပါတယ်။ အာဗြဟံကို ဘုရားသခင်က သူ့ပဋိညာဉ်ကတိတော်တွေပေးပြီးတဲ့အခါမှာ၊ ဒီလိုအမိန့်ပေးတော်မူပါတယ်၊ "သင်နှင့်တကွ သင့်နောက်၌ သင်၏အမျိုးအနွယ်အစဉ်အဆက်တို့သည် ငါ၏ပဋိညာဉ်ကို စောင့်ရှောက်ကြရမည်" (ကမ္ဘာ ၁၇း၉)။

ပညတ်တော်(၁၀)ပါးဟာ သူ့ပဋိညာဉ်ကို အစ္စရေးတွေကစောင့်ရှောက်ဖို့ ဘုရားသခင်က တာဝန်ပေးထားတာဖြစ်တယ်။ ထွက် ၃၄း၂၈ က ပညတ်တော်(၁၀)ပါးကို "ပဋိညာဉ်စကားလုံးများ"လို့ ခေါ်ပါတယ်။ ဒီပညတ်တော်(၁၀)ပါးဟာ ယနေ့တိုင်အောင်ဘဲ ခရစ်ယာန်တို့လိုက်နာရမဲ့ ဥပဒေသများ ဖြစ်တယ်။ ဘုရားသခင်နဲ့အသင်းတော်ကြားက ပဋိညာဉ်အသက်တာအတွက် ဥပဒေသများဖြစ်တယ်။ ပညတ်တော်(၁၀)ပါးကို ထိန်းသိမ်းလိုက်နာခြင်းအားဖြင့် ယုံကြည်သူမိဘများနဲ့သူတို့ကလေးတွေဟာ ပဋိညာဉ်ကို စောင့်ရှောက်ရမယ်လို့ ဘုရားသခင်က တောင်းဆိုတော်မူပါတယ်။

ပဋိညာဉ်ကိုကြည့်ရှုလိုက်နာခြင်းနဲ့ ပဋိညာဉ်ကိုစောင့်ရှောက်ဖို့ ခရစ်ယာန်တွေမှာ တာဝန်ရှိပါတယ်။ ဘုရားသခင်ရဲ့ ပဋိညာဉ်သူငယ်ချင်းတွေအနေနဲ့ ဘုရားသခင်တောင်းဆိုတာတွေကို လုပ်ကိုင်အသက်ရှင်တဲ့အသက်တာ၊ ပဋိညာဉ်နဲ့ထိုက်တန်တဲ့အသက်ရှင်မှုမှာ နေထိုင်သောအသက်တာတွေ ဖြစ်ပါတယ်။ ဇနီးဖြစ်သူက သူ့ခင်ပွန်းရဲ့ထိန်းသိမ်းမှုအောက်ကို နာခံသလို၊ ခရစ်ယာန်တွေဟာ ပဋိညာဉ်ကို ထိန်းသိမ်းရပါမယ်။ ဒါမှမဟုတ် လက်ထပ်သောအသက်တာကို ကောင်းကောင်းမွန်မွန် ထိန်းသလိုမျိုး ထိန်းရပါမယ်။ ဒါမှမဟုတ် ကလေးတယောက်ဟာ မိဘတွေကိုရိုသေလေးစားခြင်းဖြင့် မိသားစုဝင်ဖြစ်ထိုက်စွာ အသက်ရှင်သလိုမျိုး ပဋိညာဉ်ကို ထိန်းသိမ်းရမှာဖြစ်ပါတယ်။

ပဋိညာဉ်ကိုစောင့်ထိန်းခြင်းဟာ လူသားရဲ့အလုပ်(အကျင့်)ပေါ်မှာ တည်မှီတဲ့အရာမဟုတ်ပါဘူး။ ပဋိညာဉ်ကတိတော်တွေပြည့်စုံလာဖို့၊ လူသားနဲ့ဘုရားနဲ့တွဲပြီး အကောင်အထည်ဖော်ရတာမျိုးလဲ မဟုတ်ပါဘူး။ အဲဒီလိုသာဖြစ်ခဲ့ရင်တော့၊ ပဋိညာဉ်နဲ့ကယ်တင်ခြင်းဆိုတာ ကျေးဇူးတော်သက်သက်ကြောင့်လို့ ပြောလို့မရတော့ဘဲ လူသားရဲ့လုပ်ကိုင်မှုကြောင့်လို့ ပြောရတော့မှာဖြစ်တယ်။ အဲဒီလိုသင်တဲ့ ပဋိညာဉ်စောင့်ရှောက်ခြင်းဟာ ကျေးဇူးတော်ဧဝံဂေလိတရားကိုငြင်းပယ်တာဘဲဖြစ်ပါတယ်။

ကျမ်းစာကအရှင်းဆုံးပြောပြတာကတော့ ကျွန်တော်တို့တွေ ပဋိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်တာဟာလဲ ကျေးဇူးတော်ကြောင့် ဘုရားသခင်က ကျွန်တော်တို့ထံမှာ၊ ကျွန်တော်တို့ထဲမှာ ပေးတော်မူတဲ့ လက်ဆောင်ဖြစ်တယ်ဆိုတာပါဘဲ။ ဘုရားသခင်ကို နာခံလိုက်လျှောက်တာ၊ ကောင်းသောအကျင့်တွေကို ကျင့်ကြံလုပ်ကိုင်တာတွေအားလုံးဟာ ပဋိညာဉ်ရဲ့အစိတ်အပိုင်းတွေဖြစ်ပါတယ်။ ပုရောဖက်ယေရမိက အသင်းတော်ထံမှာ ပဋိညာဉ်အသစ်ကိုပေးမယ်လို့ ကတိပေးခဲ့ပါတယ်၊ “နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သောပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသခည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။ သူတို့နှလုံးသားပေါ်မှာ ရေးထားမည်”(ယေရမိ ၃၁း၃၃)။ နှလုံးသားထဲကနေ ဘုရားကိုချစ်တာ၊ ပညတ်တော်တွေအားလုံးကို နာခံတာတွေဟာ၊ ပညတ်တော်တည်ရှိဖို့ လူသားကလုပ်ကိုင်ရမဲ့အရာတွေမဟုတ်ပါဘူး။ အဲဒီအလုပ်တွေပေါ်မှာ ပဋိညာဉ်ဟာမှီခိုနေတာမဟုတ်ပါဘူး။ အဲဒါတွေဟာ ရွေးကောက်သောအသင်းတော်နဲ့အသင်းသူသားတွေကို၊ သူတို့ထံမှာ ပဋိညာဉ်ကို တည်ဆောက်တော်မူလို့ပေးတဲ့ ဘုရားရဲ့လက်ဆောင်တွေဘဲ ဖြစ်တယ်။ ပညတ်တော်တွေကို နာခံအသက်ရှင်ခြင်းဟာ ပဋိညာဉ်တည်ထောင်ဖို့ လိုက်နာရတဲ့ချွင်းချက်မဟုတ်ပါ၊ ပဋိညာဉ်ကြောင့်ရသောအခွင့်ထူးနဲ့ကောင်းချီးမင်္ဂလာဘဲဖြစ်ပါတယ်။

အဲဒီလိုဘဲ ကမ္ဘာ ၁၈း၁၉ကလည်းသင်ပါတယ်။ ယေဟောဝါဘုရားသခင်ဟာ သူ့ပဋိညာဉ်ကို လက်ခံရရှိတဲ့ အာဗြဟံကို ဒီလိုပြောခဲ့ပါတယ်၊ “သူသည် မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည်အရာကို ငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏တရားလမ်းသို့ လိုက်၍၊ ဟုတ်မှန်ဖြောင့်မတ်စွာ ကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ပြုရသောအခွင့်ရှိလိမ့်မည်။” ဒီပြောပြချက်ဟာ ပဋိညာဉ်အသစ်မှာရှိကြတဲ့ ကျွန်တော်တို့တွေ၊ မိဘတွေအားလုံးအတွက်လဲ မှန်နေပါတယ်။ အာဗြဟံဟာ သူ့သားသမီးတွေစီမှာ “ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းလမ်း”ကို သွန်သင်ပြီးတော့ ပဋိညာဉ်ကို ထိန်းသိမ်းဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒါပေမဲ့ အာဗြဟံက အဲဒီလို သူ့သားသမီးတွေကို သွန်သင်နိုင်ရခြင်းဟာ၊ ဘုရားသခင်က အာဗြဟံကိုသိလို့ သီးပွင့်လာတဲ့ အသီးအပွင့်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကြီးမြတ်လှသောပဋိညာဉ်ချစ်ခြင်းမေတ္တာကြောင့် ပေါ်လာတဲ့ အသီးအပွင့်ဘဲဖြစ်တယ်။ ဘုရားသခင်ပြောပြချင်တာကတော့၊ “ငါကိုယ်တိုင်က အာဗြဟံကို သူ့သားသမီးတွေကို ငါ့အကြောင်းတွေ သွန်သင်ခိုင်းမယ်”လို့ပြောနေတာဖြစ်တယ်။

**ပဋိညာဉ်စောင့်ရှောက်ခြင်း၏မရှိမဖြစ်လိုအပ်ခြင်း(The Necessity of Keeping the Covenant)**

လူသားရဲ့အလုပ်ဟာ ပဋိညာဉ်တည်ဆောက်ဖို့ အခြေခံမဟုတ်ဘူးလို့ဆိုပေမဲ့၊ ပဋိညာဉ်ကိုစောင့်ရှောက်ခြင်းဆိုတာ အလွန်အရေးကြီးပါတယ်၊ အမှန်အတိုင်းပြောရရင်၊ မရှိမဖြစ်ပါဘဲ။ ဘာလို့လဲဆိုတော့ ဘုရားသခင်က တောင်းဆိုလို့ဖြစ်တယ်၊ အဲဒါဟာ ကျွန်တော်တို့ ကယ်တင်ခြင်းရရာ နည်းလမ်း ဖြစ်လို့ပါဘဲ၊ အဲဒါဟာ ကျွန်တော်တို့ ကယ်တင်ခြင်းကိုရတယ်ဆိုတာကို သိတဲ့နည်းလမ်းပါဘဲ။ အဲဒါက ပဋိညာဉ်ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ဘုရားသခင်ရဲ့နာမတော်ကို ဘုန်းထင်ရှားစေလို့ပါဘဲ။

နောက်တဖက်ကကြည့်ရင်လဲ၊ ပဋိညာဉ်ကိုစောင့်ရှောင်ခြင်းဆိုတာ လိုအပ်လှပါတယ်၊ ဘာလို့လဲဆိုတော့ ပဋိညာဉ်ဆိုတာဟာ ကျွန်တော်တို့နဲ့ဘုရားသခင်ကြားမှာရှိနေတဲ့ သူငယ်ချင်းဖြစ်မှု မိတ်သဟာယဖွဲ့ခြင်းဖြစ်လို့ဘဲ။ ကျွန်တော်တို့အတွက် ပဋိညာဉ်မှာ ပါဝင်ရတဲ့အစိတ်အပိုင်းရှိနေပါတယ်။ ဘုရားသခင်က လုပ်ပေးတာလည်း ရှိနေသလိုပေါ့။ မြေကြီးပေါ်မှာရှိတဲ့ သူငယ်ချင်းနှစ်ယောက်လိုပေါ့၊ တယောက်စီက သူငယ်ချင်းဖြစ်မှုအတွက် လုပ်ဆောင်ရတဲ့ တာဝန်တွေ ရှိနေပါတယ်။ခင်ပွန်းသည်ဟာဇနီးကိုချစ်ရပါတယ်၊ သူ့ကို ဂရုစိုက်ရပါတယ်၊ ပြီးတော့ ဇနီးကလည်း ခင်ပွန်းသည်ကို နာခံရပါတယ်၊ သူ့ကို အကူအညီပေးရပါတယ်။ မိဘတွေဟာ သူတို့သားသမီးတွေကို ချစ်လျှက် ပြုစုစောင့်ရှောက်ရပါတယ်၊ ပြီးတော့ သားသမီးတွေကလည်း သူတို့ဖခင်နဲ့မိခင်ကို ရိုသေလေးစားရပါတယ်။ အဲဒီလိုဘဲ ဝိညာဉ်ရေးရာပဋိညာဉ်ဖွဲ့မှုမှာလည်းဖြစ်ပါတယ်။ ဘုရားသခင်ဟာ ခရစ်တော်အားဖြင့် သူ့ရဲ့ပဋိညာဉ်သူငယ်ချင်းတွေ၊ သားသမီးတွေကို ချစ်တော်မူတယ်၊ ကယ်တင်တော်မူတယ်။ အဲဒီလိုလုပ်တာဟာ သူ့ရဲ့ကိုယ်ပိုင်လွတ်လပ်သော ကတိတော်အတိုင်း လုပ်တာဖြစ်တယ်။ သူ့ရဲ့လူတွေက သူ့ကို ပြန်ချစ်ပါတယ်၊ လေးစား ရိုသေပါတယ်၊ သူ့အမှုကိုထမ်းဆောင်ကြတယ်၊ သူ့ကို နာခံကြပါတယ်၊ အဲဒါကို ကျွန်တော်တို့ထံကနေတောင်းဆိုတာဖြစ်တယ်။ အဲဒါဟာ ကျွန်တော်တို့ တာဝန်ဖြစ်တယ်။

ဘုရားသခင်က ပဋိညာဉ်ထဲမှာ ကျွန်တော်တို့လုပ်ရမဲ့အပိုင်းကို လုပ်နိုင်ဖို့ ကျွန်တော်တို့အထဲမှာ လုပ်ကိုင်ပေးတော်မူပေမဲ့၊ အံ့ဩစရာကောင်းစွာလုပ်ပေးတာမို့လို့၊ ကျွန်တော်တို့ဟာ မိမိတို့ဘာသာ ပဋိညာဉ်ကို လွတ်လပ်စွာ၊ လိုချင်စွာ၊ ဝမ်းမြောက်စွာ၊ သတိထားစွာ စောင့်ရှောက်ထိန်းသိမ်းကြပါတယ်။ ပြီးတော့ အဲဒီလိုစောင့်ရှောက်လို့ ဘုရားသခင်ဟာ ကျေနပ်တော်မူပါတယ်။ ဘုရားသခင်ကို ကြီးစွာ ကျေနပ်စေပါတယ်။ ဘာနဲ့တူသလဲဆိုတော့ ဇနီးဖြစ်သူက သူ့ကိုချစ်မြန်နိုးလျှက်၊ လိုချင်စွာ အကူအညီပေးခံရတဲ့ ခင်ပွန်းသည်တယောက်နဲ့ တူပါတယ်။ ကျွန်တော်တို့ ပဋိညာဉ်ကို မစောင့်ရှောက်ဘူးဆိုရင်၊ ဘုရားသခင်ကို ကြီးစွာ စိတ်မကျေနပ်မှုဖြစ်စေပါတယ်။ ဒ့ါကြောင့် သူ့သားသမီးတွေကို မနာခံမှုအတွက် ဆုံးမတော်မူပါတယ်။ တခါတရံ အတော်အပြင်းအထန်ဆုံးမပါတယ်။

အဲဒါအပြင်၊ ကျွန်တော်တို့တွေ ပဋိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်တာဟာ ဘုရားသခင်အတွက် အတော်ကိုအရေးကြီးတာမို့၊ ကျွန်တော်တို့ဟာ သူ့ထံမှာ ဘယ်လောက်ဆက်ကပ်ခြင်းရှိသလဲလို့ အမြဲတမ်း စုံစမ်းလျှက် စစ်ဆေးတော်မူတတ်ပါတယ်။ ဥပမာ ကမ္ဘာဇက်ကို ဘုရားဆီမှာ ယဇ်အဖြစ်ပူဇော်ဖို့ အာဗြဟံ စုံးစမ်းခြင်းခံရတာမျိုးပေါ့ (ကမ္ဘာ ၂၂း၁)။ ကျွန်တော်တို့တွေ စုံးစမ်းခြင်းကို အောင်မြင်တဲ့အခါ၊ အာဗြဟံအောင်မြင်သလိုပေါ့၊ ကျွန်တော်တို့ထဲမှာအားကြီးစွာရှိနေတဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်သာ အောင်မြင်ကြတာဖြစ်ပေမဲ့၊ ဘုရားသခင်ဟာ ကျွန်တော်တို့ထံမှာ အလွန်ကျေနပ်အားရတော်မူပြန်ပါတယ်။ အာဗြဟံထံမှာ ဝမ်းသာသလိုပေါ့၊ “သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခု ငါသိ၏။ အကြောင်းမူကား သင်၏သား၊ သင်၌တယောက်တည်းသောသားကို ငါတောင်း၍၊ သင်သည် ငါ့ကို မငြင်းဟု မိန့်တော်မူ၏၊” (ကမ္ဘာ ၂၂း၁၂)။

ဘုရားသခင်က သူ့ရဲ့ပဋိညာဉ်ကို လူတယောက်စီမှာပြုတော်မူပြီး၊ အဲဒီလူက ပဋိညာဉ်ကိုမစောင့်ရှောက်တော့လို့၊ ပဋိညာဉ်ဟာ ပျက်သွားပြီး၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပဋိညာဉ်ရည်ရွယ်ချက်နဲ့၊ ကျေးဇူးတော်ပဋိညာဉ်လုပ်ကိုင်ပေးမှုတွေ အရာမထင်ပျောက်ပျက်သွားတာမျိုးဟာ လုံးဝမဖြစ်နိုင်ပါဘူး။ ဘုရားသခင်ဟာ သူ့ရဲ့ပဋိညာဉ်ကို သန့်ရှင်းသူတွေထံမှာ အမြဲတမ်း တည်မြဲအောင် စောင့်ရှောက်ပေးပါတယ်။ ကျမ်းစာက အခုလိုပြောပါတယ်၊ “သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်နေ့ရက်တိုင်အောင် ပြီးစီးလျှက် ပြုတော်မူမည်” (ဖိ ၁း၆)။

ကျမ်းစာက ပဋိညာဉ်ဖေါက်ဖျက်ခြင်းဆိုတာကို ကြီးသောအပြစ်လို့ သတိပေးပါတယ်။ ကမ္ဘာ ၁၇း၁၄က အရေဖျားလှီးခြင်းမခံတဲ့ကလေးဟာ “အရေဖျားမလှီး၊ အရေဖျားလှီးမင်္ဂလာကို မခံသောသားယောက်ျားကို သူ၏အမျိုးမှ ပယ်ရှင်းရ၏၊ ထိုသူသည် ငါ့ပဋိညာဉ်ကို ဖျက်လေပြီဟု”ပြောပါတယ်။ နှစ်ခြင်းဂိုဏ်းက မိဘတွေအားလုံး သတိထားရမဲ့အချက်ဘဲ။ ဟေဗြဲ ၆း၄-၈၊ ၁၀း၂၆-၃၁မှာလည်း အဲဒီအပြစ်ကို ကြီးစွာ သတိပေးထားပါတယ်။ အဲဒီလို ပဋိညာဉ်ကို မစောင့်ရှောက်ချင်တဲ့သူတွေဟာ ပဋိညာဉ်ကို အထင်သေးကြပါတယ်။ အဲဒါကြောင့် သူတို့ဟာ မိမိကိုယ်ကို ပဋိညာဉ်ရဲ့ကျိန်ခြင်းအောက်ကို ပို့

ဆောင်ကြပါတယ်။ အဲဒီလိုမျိုးတွေကို ရှင်ပေါလုက ရောမ ၉း၆ မှာ ပဋိညာဉ်ကိုစောင့်ရှောက်သော ကျန်ကြွင်းသောရွေးကောက်ခံရသူတွေနဲ့မတူတဲ့၊ အစစ်ရေးမစစ်သူများလို့ ခေါ်ပါတယ်။

ပဋိညာဉ်ရဲ့သဘောသဘာဝဟာ ဘုရားသခင်နဲ့မိတ်ဆွေဖြစ်ခြင်း ဖြစ်တယ်၊ ပဋိညာဉ်စောင့်ရှောက်ခြင်းဆိုတာ ချစ်ခြင်းမေတ္တာတုတ်နှောင်ခြင်းထဲမှာ ဘုရားသခင်နဲ့မှန်ကန်စွာ နေထိုင်ခြင်းဖြစ်တယ်၊ အဲဒီအချက်နှစ်ခုက ပဋိညာဉ်ကို ဘယ်လိုစောင့်ရှောက်ထိန်းသိမ်းမလဲဆိုတာကို အဆုံးအဖြတ်ပေးပါတယ်။

**ပဋိညာဉ်ကိုစောင့်ရှောက်ပုံနည်းလမ်း**(The Manner of Keeping the Covenant)

ပဋိညာဉ်ကိုစောင့်ရှောက်ကြသူများရဲ့အသက်တာများအနေနဲ့ ဘဝမှာအရေးကြီးတဲ့အခြေခံ အချက်တွေကို ကျွန်တော်တို့ သတိထားလေ့လာကြပါမယ်။ အဲဒီအချက်တွေက ကျွန်တော်တို့ဘဝရဲ့ ပုံသဏ္ဍာန်မျိုးစုံကို ပုံဖေါ်ကြမှာဖြစ်တယ်၊ ဝတ်ပြုခြင်း၊ လက်ထပ်ခြင်း၊ မိသားစုဘဝ၊ နိုင်ငံသားအနေနဲ့၊ အလုပ်အကိုင်မှာ၊ အဲဒါတွေအားလုံးကို တိုက်ရိုက် ထိခိုက်မှာဖြစ်တယ်။

ပထမအနေနဲ့ ပဋိညာဉ်ကိုစောင့်ရှောက်တယ်ဆိုတာ ဘုရားသခင်ရဲ့ပညတ်တော်တွေကို လိုက်နာတာဘဲဖြစ်တယ်။ အဲဒီလိုပညတ်တော်တွေကို နာခံတဲ့လူတွေကို ဆာလံ ၁၀၃း၁၇-၁၈က ဒီလိုကတိပေးပါတယ်၊ “ထာဝရဘုရား၏ဂရုဏာတော်ကား၊ ကြောက်ရွံ့သောသူတို့အပေါ်သို့ ကာလအစဉ်အဆက်သက်ရောက်တတ်၏။ သစ္စာတော်ကို စောင့်၍ ပညတ်တော်တို့ကို ကျင့်ခြင်းငှာ သတိပြုသောသူတို့၏ သားစဉ်မြေးဆက်တို့သည် ကုသလတရားတော်နှင့်ဆိုင်ရကြ၏။” ဆာလံပြောနေတာက ပဋိညာဉ်ကို စောင့်ရှောက်ခြင်းဆိုတာ ပညတ်တော်တွေကို အောက်မေ့သတိရခြင်း၊ ပညတ်တော်တွေအတိုင်းအသက်ရှင်ခြင်းလို့ ဖြစ်ပါတယ်။ ကျမ်းစာထဲက ဘုရားသခင်ရဲ့ပညတ်တော်တွေကို တယောက်ချင်းစီဖြစ်စေ၊ အသင်းတော်လိုက် အုပ်စုလိုက်ဖြစ်စေ လစ်လျူရှုခြင်းဟာ ပဋိညာဉ်ကိုချိုးဖေါက်တာဘဲဖြစ်ပါတယ်။ ပိုအဆင်ပြေသောဝတ်ပြုခြင်းအတွက်လို့ အကြောင်းပြပြီး တယောက်ချင်းစီကဖြစ်စေ၊ အသင်းတော်လိုက်ဖြစ်စေ ပညတ်တော်တွေကို ဘေးဖယ်ထားခြင်းဟာ ပဋိညာဉ်သစ္စာမဲ့ခြင်းဖြစ်တယ်။ ခေတ်အခြေအနေလိုက်နေခြင်းလို့အကြောင်းပြပြီး၊ ကျမ်းစာကပညတ်တွေကိုဘေးဖယ်ထားပြီး၊ အမျိုးသမီးသင်းအုပ်၊ အမျိုးသမီးအသင်းလူကြီး၊ သင်းထောက်၊ ဆရာမ၊ အမျိုးသမီးခေါင်းဆောင် စတာတွေလုပ်တာဟာ ပဋိညာဉ်ကို ချိုးဖေါက်တာဘဲဖြစ်တယ်။ ပဋိညာဉ်အတိုင်းအသက်ရှင်ခြင်းအဓိကဥပဒေသကို ဓမ္မဟောင်းကျမ်းစာက ပရောဖက်ရှမွေလက ဒီလိုပြောခဲ့ပါတယ်၊ “အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက် သာ၍ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ကောင်း၏” ၁ရာ ၁၅း၂၂။(“Behold, to obey is better than sacrifice, and to hearken than the fat of rams”)

ဒုတိယအနေနဲ့ ကျွန်တော်တို့ဟာ ဘုရားသခင်ကို ကောင်းကင်မှာရှိနေတဲ့ ဖခင်တယောက်အနေနဲ့၊ သခင်ယေရှုခရစ်တော်၌ ကျွန်တော်တို့ရဲ့ ခင်ပွန်းတယောက်အဖြစ်နဲ့၊ ကျွန်တော်တို့ကို အပြစ်နဲ့သေခြင်းကနေ ကယ်တင်သူအနေနဲ့၊ ပြီးတော့ သူငယ်ချင်းကောင်းတယောက်အနေနဲ့ ချစ်မြတ်နိုးခြင်းဖြင့် ပဋိညာဉ်ကို စောင့်ရှောက်ကြတာဖြစ်တယ်။ ဘုရားသခင်ကို ကျွန်တော်တို့နှလုံးသားများထဲကနေ ချစ်လျှက် ပဋိညာဉ်ကို စောင့်ရှောက်ကြတာဖြစ်ပါတယ်။ ချစ်ခြင်းဆိုတာ ခင်ပွန်းက ဇနီးထံကနေ တောင်းဆိုသောအရာဖြစ်တယ်၊ ကလေးတွေထံကနေ မိဘတွေက တောင်းဆိုသောအရာဖြစ်တယ်။ အဲဒီလိုဘဲ ဘုရားသခင်က ကျွန်တော်တို့ထံကနေ တောင်းဆိုတာဖြစ်တယ်။ ချစ်ခြင်းဆိုတာ ပဋိညာဉ်စောင့်ရှောက်ခြင်းရဲ့အနှစ်သာရဘဲဖြစ်တယ်၊ ကျေးဇူးတင်လျှက်ချစ်တာဖြစ်တယ်။

ဘုရားသခင်ကို ချစ်ဖို့ဆိုရင် သူ့ကို သိမှရပါမယ်၊ သူ့ကို ကျွန်တော်တို့ သိလေလေ၊ သူကို ပိုပြီးတော့ သိချင်လေလေဘဲဖြစ်တယ်။ ဘုရားသခင်ကိုချစ်တယ်ဆိုတာဟာ ကျမ်းစာကိုလေ့လာခြင်းမှာ၊ မှန်ကန်သောဒေသနာဟောကြားခြင်းကို နားထောင်ခြင်းထဲမှာ၊ ကောင်းမွန်ခိုင်မာသော သီသြလော်ဂျီ စာအုပ်တွေ မဂ္ဂဇင်းတွေဖတ်ခြင်းမှာ သူ့ဘာသာသူထွက်လာပါတယ်။

တတိယအနေနဲ့ ပဋိညာဉ်ကို စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုတာ ဘုရားသခင်ရဲ့အနားကို ချဉ်းကပ်တာဘဲဖြစ်ပါတယ်။ ဟေဗြဲ ၁၀း၂၂ က ဒီလိုအားပေးပါတယ်၊ “ဘုရားသခင်ထံတော်သို့ စစ်မှန်သောနှလုံးသား၏ ယုံကြည်ခြင်း၏ပြည့်စုံလှသောသေချာမှုထားလျှက် အထံတော်သို့ ချဉ်းကပ်ကြပါမည်။” ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့အနီးကို ဆုတောင်းခြင်းနဲ့ချဉ်းကပ်ကြပါတယ်။ ဘုရားသခင်ကို တွေ့နိုင်

တဲ့နေရာတွေမှာ ရှာခြင်းဖြင့် ဘုရားသခင်ရဲ့အနီးကို ချဉ်းကပ်ကြပါတယ်။ အဲဒီနေရာတွေကတော့ စစ်မှန်သောအသင်းတော်ထဲမှာ၊ ကျမ်းစာတော်ကိုဟောကြားခြင်းမှာ၊ ပွဲတော်မင်္ဂလာတွေကို ကျင့်သုံးတဲ့နေရာမှာ၊ အထူးသဖြင့် ညစာပွဲတော်မင်္ဂလာမှာ ဖြစ်ကြပါတယ်။

စတုတ္ထအနေနဲ့ ပဋိညာဉ်ကိုစောင့်ရှောက်တဲ့နေရာမှာ ချွင်းချက်မဲ့စိတ်နှလုံးနဲ့ စောင့်ရှောက်ကြတာဖြစ်ပါတယ်။ ဘုရားသခင်ဟာ ချွင်းချက်မထားဘဲ ကျွန်တော်တို့ထံမှာ ပဋိညာဉ်ကို ပြုတာဖြစ်တယ်။ အဲဒါဟာ ကျွန်တော်တို့အတွက် နှစ်သိမ့်စရာကောင်းတယ်။ ပဋိညာဉ်စောင့်ရှောက်ခြင်းဆိုတာ ဆုံးရှုံးရတာ၊ အနစ်နာခံရတာ၊ မိမိကိုယ်ကို ငြင်းပယ်ရတာ၊ နာကျင်စွာနှိပ်စက်ခံရတာ၊ လိုအပ်ရင် အသေခံရတာဖြစ်ပါတယ်။ ကျမ်းစာက အဲဒါတွေကို "မိမိလက်ဝါးကပ်တိုင်ထမ်းခြင်း"လို့ခေါ်ပါတယ် (မာကု ၈း၃၄)။ မိဘတွေက သားသမီးတွေနဲ့ သူငယ်ချင်းဖြစ်မှုကနေ ခွဲရတာ၊ ဇနီးဖြစ်သူက မိမိခင်ပွန်းဆုံးရှုံးရတာ၊ ယောက်ျားတွေ မိမိအလိုဆန္ဒနောက် မလိုက်ဘဲနေရတာ၊ ပဋိညာဉ်မိသားစုဝင်မှန်သမျှ ဒီလောကမှာ အထင်သေးခံရတာ၊ အဲဒါတွေအားလုံးအတွက် လူအများကြီးက ပေးဆပ်ခဲ့ကြပြီးပါပြီ။

ပဋိညာဉ်စောင့်ရှောက်ခြင်းဆိုတာ အဆင်ပြေလွယ်ကူတဲ့အချိန်မှာဘဲ စောင့်ရှောက်တာမဟုတ်ပါ၊ ရေဆန်လေဆန်ကို တိုးရတဲ့အချိန်တွေမှာလဲ စောင့်ရှောက်တာဖြစ်ပါတယ်။ အဲဒါကိုပေါ့ ၂၁ရာစုကျွန်တော်တို့အချိန်၊ မှားယွင်းတဲ့အသင်းတော်တွေနဲ့ မှားယွင်းတဲ့ပုရောဖက်တွေက ငြင်းပယ်နေကြတာ၊ လူအများက လစ်လျူရှုပြီး နေကြတာ။

ပဋိညာဉ်ထဲမှာ ဘုရားသခင်မိန့်တော်မူတာက၊ "ချွင်းချက်မရှိ သင့်ခင်းပွန်း၊ ဇနီးသည်ထံမှာ သစ္စာရှိပါ၊" "ချွင်းချက်မရှိ အမှန်တရားကို ဝန်ခံပါ၊" "ချွင်းချက်မရှိ၊ သင့်သားသမီးတွေကို သခင်ယေရှုအားကြောက်ရွံ့ရိုသေခြင်းလမ်းကြောင်းပေါ်မှာ သွန်သင်လမ်းပြကြီးပြင်းစေပါ၊" "ချွင်းချက်မရှိ၊ စစ်မှန်သောအသင်းတော်မှာအသင်းသားအဖြစ်ဝင်ပါ၊ အဲဒီအသင်းတော်မှာ ရှင်သန်သောအသင်းသားဖြစ်ပါ။"

ပဉ္စမအနေနဲ့ ကျွန်တော်တို့ ပဋိညာဉ်ကိုစောင့်ရှောက်တယ်ဆိုတာ သားစဉ်မြေးဆက်ဖြစ်တယ်။ ပဋိညာဉ်ဆိုတာ အမြဲဘဲ ခရစ်တော်ထံမှာဖြစ်တယ်၊ ပဋိညာဉ်နဲ့ကယ်တင်ခြင်းဟာ ယုံကြည်သူမိဘတွေနဲ့ သူတို့သားသမီးတွေထံကို ဆက်ပြီးစီးဆင်းသွားပါတယ်။ အဲဒီအချက်ဟာ ဓမ္မဟောင်းကာလအချိန်မှာမှန်သလို၊ "သင့်နှင့်ငါ့အကြားမှာ၊ သင့်နောက်သင့်သားသမီးတွေထံမှာ" (ကမ္ဘာ ၁၇း၇)၊ ဓမ္မသစ်ကာလကျွန်တော်တို့အချိန်မှာလည်း မှန်ပါတယ်၊ "ကတိတော်သည် သင်တို့နှင့် သင်တို့၏သားသမီးတို့ထံတွင်ဖြစ်သည်" (တမန် ၂း၉)။ ယုံကြည်သူဟာ သူတယောက်ထဲ ပဋိညာဉ်ကို မစောင့်ရှောက်ပါဘူး၊ သူ့ရဲ့သားသမီးတွေ၊ မြေမြစ်တွေနဲ့အတူ စောင့်ရှောက်တာဖြစ်တယ်။ သူ့ရဲ့အိမ်ထောင်ရေးကို ဘုရားသခင်က သားသမီးတွေနဲ့ကောင်းချီးပေးတဲ့အခါ၊ သူဟာ သူ့သားသမီးတွေကို စစ်မှန်သောအသင်းတော်မှာ ဗတ္တိဇံခံဖို့ခေါ်လာပါတယ်၊ သူ့သားသမီးတွေကို အမှန်တရားသင်ပေးပါတယ်၊ ချစ်ခြင်းနဲ့သားသမီးတွေကို ပျိုးထောင်ပါတယ်၊ စည်းကမ်းရှိအောင်ဆုံးမသွန်သင်ပါတယ်။ သူဟာ ဘယ်တော့မှ တကိုယ်ကောင်းဆန်စွာ တယောက်ထဲအတွက်တွေးပြီး အသက်မရှင်ပါဘူး၊ အမြဲတမ်း သူ့သားသမီးတွေကြီးလာရင်လို့ ပဋိညာဉ်အမြင်ရှုထောင့်ကနေ(covenantally) တွေးခေါ်ပြီးလက်တွေ့အသက်ရှင်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ဟာ အနာဂတ်ကိုမျှော်လင့်လျှက် ပဋိညာဉ်ကို စောင့်ရှောက်ကြတာဖြစ်တယ်။ ထာဝရကောင်းချီးမင်္ဂလာခံစားရမဲ့အချိန်၊ ပဋိညာဉ်စောင့်ရှောက်လို့ ကျေးဇူးတော်အားဖြင့် ဆုလက်ဆောင်ချီးမြှင့်မဲ့အချိန်ကိုဖြစ်ပါတယ်။ အာဗြဟံလဲ အဲဒီမျှော်လင့်ချက်ရှိခဲ့ပါတယ်။ သူဟာကောင်းကင်နိုင်ငံတော်ကို မျှော်လင့်ခဲ့တာဖြစ်တယ် (ဟေဗြဲ ၁၁း၁၆)။ အနာဂတ်ကောင်းချီးမင်္ဂလာခံစားရမဲ့အချိန်ဆိုတာဘာကိုဆိုလိုဘာသလဲ။ ဘုရားသခင်ရဲ့တဲတော်ဟာ လူတွေကြားမှာရှိမဲ့အချိန်၊ ဘုရားသခင်ဟာ ကျွန်တော်တို့နဲ့အတူ နေထိုင်မဲ့ အချိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ သူ့လူတွေဖြစ်ပြီး၊ ဘုရားသခင်ကိုယ်တော်တိုင်ဟာ ကျွန်တော်တို့ ဘုရားသခင်ဖြစ်လာပါမယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့မျက်ရည်တွေအားလုံးကို သုတ်ပေးတော်မူပါမယ်။ သေခြင်းဆိုတာမရှိတော့ဘူး၊ ဝမ်းနည်းခြင်းတွေ၊ ငိုကြွေးရခြင်းတွေ မရှိတော့ဘူး။ နာကျင်မှုတွေလဲ မရှိတော့ဘူး။ ဘာလို့လဲဆိုတော့ ဘုရားသခင်က အားလုံးကို အသစ်ပြန်ဖန်ဆင်းမှာမို့လိုဘဲဖြစ်တယ်။

ဘုရားသခင်နှင့်မိတ်ဆွေဖြစ်ခြင်းဆိုတာဒါပါဘဲ။

ကျေးဇူးတော်ပဋိညာဉ်ရဲ့အဆုံးစွန်ပြည့်စုံလာမှုဘဲဖြစ်တယ်။